## တရားမျှတသော တရားစီရင်စစ်ဆေးခွင့်ရရေး အတွက် ၈၈ ကျောင်းသားခေါင်းဆောင်များ က တရားရုံးတွင် တိုက်ပွဲဝင်ခြင်း (မှတ်တမ်း)

အချိန်။ ။ နေ့ ၁၂ နာရီ ၃၀ မိနစ်
နေရက်။ ။ ၂၄၊ ၁၀၊ ၂၀၀၈
နေရာ။ ။ (အင်းစိန်ထောင်သီးသန့်တရားရုံး)

မြောက်ပိုင်းခရိုင်တရားသူကြီး (၂) ဦးရုံးထိုင်သော တရားရုံးအခမ်းအနားကျင်းပသည်။ ယခင်နေ့များကဲ့သို့ မဟုတ်ဘဲ ရုံးအခင်းအကျင်း ပုံစံပြောင်းထားပါသည်။ ယခင်က ရဲဝန်ထမ်းများက ဘေးတဘက်စီတွင် ထိုင်ကြသော်လည်း ယနေ့တွင် (၈၈) ကျောင်းသားများထိုင်မည့်နေရာနောက်တွင် စီတန်း၍ ယူနီဖောင်းဝတ် အယောက် (၃၀) ခန့် (အမျိုးသမီးဝန်ထမ်းများက အရပ်ဝတ်ဖြင့်) ကျောင်းသားများ မထုတ်လာမီကတည်းက နေရာယူထားကြပါသည်။ တရားရုံးဘေးတွင် ဒိုင်းကားများဖြင့် ရဲကား ၄ စီးရှိသည်။ (၁၅) မိနစ်အကြာတွင် (၈၈) ကျောင်းသားများ ရုံးထုတ်လာပါသည်။

ကျောင်းသားများစုံညီကြသောအခါ တရားသူကြီးများနေရာယူကြသည်။ ဥပဒေအရာရှိများနေရာယူသည်။ တရားလို ဒုရဲမှူးကြီးဇော်မင်းအောင်မှာ ၊ သက်သေထိုင်သည့်နေရာ (witness box) တွင်နေရာယူပါသည်။ ပြစ်မှုကြီးအမှတ် (၉၀/၉၁/၉၂/၉၃) အီလက်ထရောနစ်ပုဒ်မ ၃၃–က စစ်ဆေးရန်အတွက်စတင်ပါသည်။

ဤတွင် ကျောင်းသားခေါင်းဆောင်တစ်ဦးက ထလျက် **“အရင်က မိသားစုတွေဝင်ခွင့်ရဖို့ ခရိုင်ကခွင့်ပြုခဲ့တယ်။ အဆင့်တူခရိုင်ရုံးပဲဖြစ်တယ်။ ကိုယ်သဘောနဲ့ကိုယ် မလုပ်ပါနဲ့။ မိသားစုဝင်ခွင့် ရုပ်သိမ်းခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာအဆင့်တန်းပေါ်လွင်စေဖို့ ပြုမူဆောင်ရွက်စေလို ပါတယ်။ တဖက်သတ်မလုပ်ပါနဲ့။ မိသားစုဝင်တွေ ပြည်သူတွေရဲ့အခွန်တွေနဲ့ ခင်ဗျားတို့ကိုလခပေးထားတာပါ။”**

**ကိုဇေယျ**

ကျွန်တော်တို့ဟာ ဒီမိုကရေစီအတွက် ဆောင်ရွက်နေတာပါ။ လူ့အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးတွေ ချိုးဖောက်ခံခဲ့ရပါတယ်။

**မသင်းသင်းအေး**

ကျွန်တော့်အနေနဲ့ ပိတ်ပင်ထားတာမဟုတ်ဘူးလို့ပြောပေမဲ့ ရုံးကြားနာမှုမစခင်မှာ တရားသူကြီးမင်းကို မိသားစုနဲ့တွေ့ဆုံခွင့် တောင်းဆိုချင်ပါတယ်။

**ကိုသက်ဇော်**

မိသားစုကို ဂုဏ်သိက္ခာရှိရှိပေးခဲ့ချင်တာပါ။ နိုင်ငံရဲ့တရားစီရင်ရေးဟာ မျှမျှတတပွင့်ပွင့်လင်းလင်းဖြစ်ဖို့ တစ်မျိုးသားလုံး ဂုဏ်သိက္ခာအတွက် တောင်းဆိုနေတာပါ။

**ကိုဂျင်မီ**

အမှုကို မစစ်ပါနဲ့လို့တောင်းဆိုပါတယ်။ ကျွန်တော်တို့ဘက်ကိုလဲတဘက် ပြန်စဉ်းစားပါ။ ဒီမိုကရေစီသမားပါပဲ။ ဥပဒေကို သိပ်လေးစားတတ်တာပေါ့။ တရားရုံးရဲ့ ဂုဏ်သိက္ခာကို ဘယ်လိုယူကြမလဲ၊ အခုလုပ်မှာဟာ တဖက်သတ်လုပ်မှာလား။ **open court** ကိစ္စ၊ လက်ထိပ်ကိစ္စတွေ ဘာမျှမပြောခဲ့ပေမယ့် မိသားစုဝင်ခွင့်ကိစ္စကို အလျင်ဖြေရှင်းပြီးမှ ဒီအခြေအနေကို စဉ်းစားပါ။ ကျွန်တော်တို့ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်နေကြပါ တယ်။

**ဥပဒေအရာရှိ**

လက်ရှိသီးသန့်ခုံရုံးတွေကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၇၈)အရ ဖွဲ့စည်းထားတဲ့ခုံရုံးဖြစ်ပါတယ်။ အခုလိုသီးသန့်စစ်ဆေးရာမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ ခြွင်းချက်အရ ထူးခြားတဲ့အမှုဖြစ်လို့ ပြင်ပလူများ ဝင်ခွင့်မရရန်အမိန့်ချပေးဖို့ လျှောက်ထားပါတယ်။

**ကိုကိုကြီး**

တရားသူကြီးမင်း၊ ကျွန်တော်တို့အဖမ်းခံခဲ့ရတာ (၁၄) လရှိပါပြီ။ ဒီကြားထဲမှာ အာဏာပိုင်တွေ စိတ်ကြိုက် ဖန်တီးခွင့်ရရှိပါတယ်။ ပုဒ်မတွေအများကြီး၊ မဆိုင်တဲ့သူတွေ၊ အမှုသာတွဲထားတယ်။ ဒီထဲမှာ မမြင်ဖူးတဲ့လူတွေ အများကြီးပါ။ ဖမ်းတော့ဝရမ်းမပြဘူး၊ ရမန်မယူဘူး၊ လုပ်ချင်တာတွေလုပ်ပြီးသွားပြီ။ ပထမထုတ်လာတယ်၊ မိသားစု ဝင်ခွင့်ကို ခွင့်ပြုခဲ့တယ်။ ကိုယ်ထွေးတဲ့တံထွေးပြန်မြိုမချပါနဲ့။ လက်ထိပ်ခတ်တယ်၊ ဘာမှမပြောဘူး၊ မိသားစုဝင်တွေကို အများပြည်သူပါဆိုပြီး open court လို့ပြောတယ်။ သီးသန့်ခုံရုံးဖြစ်တယ်ဆိုပြီး ပုဒ်မတွေရွှတ်သွားတယ်။ နဂိုထဲက ရွှတ်ပါလား။ ဦးဉာဏ်ဝင်းက နိုင်ငံတကာရှေ့မှာ အားလုံးပါဝင်ရမယ်လို့ပြောတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုလဲ ဖမ်းထားတာမဟုတ်ပါဘူး၊ လုံခြုံရေးအရ ထိန်းထားတာပါလို့ပြောတယ်။ ခင်ဗျားတို့ဂုဏ်သိက္ခာကို ပြန်ငဲ့ပါ။ ဦးဝင်းအောင် ဒီလိုပြောပြီး အထဲရောက်လာတယ်။ ဗိုလ်မှူးကြီးခင်မောင်ချိုလဲ အထဲမှာပဲ။ ငါတို့လုပ်ချင်တာလုပ် မလား၊ သိက္ခာရှိမလား၊ သတ္တိရှိမလားတစ်ခုခုရွေးပါ။

**ကိုမျိုးအောင်နိုင်**

ဟိုအရင်တုန်းက မိသားစုဝင်ခွင့်ပေးပြီးမှ အခုဘယ်သူပြန်ရုပ်တာလဲ။ နိုင်ငံတကာကို ကြေငြာထားတဲ့ ဒီမိုကရေစီ ကူးပြောင်းရေးကာလမှာ တရားရုံးဟာလွတ်လပ်မျှတတဲ့ တရားရုံးဟုတ်/ မဟုတ်ကို ပြောပါ။

**ကိုမြအေး**

ကျွန်တော်တို့ ညှော်သည်တွေကို ပိတ်မထားပါဘူး လို့ပြောတယ်။တရားသူကြီးတို့ တစ်ဦးချင်း ရုံးထိုင်ပြီး အမိန့်ချတာ အထက်အမိန့်ကြောင့်ပါလို့ ဆိုလျှင် ခင်ဗျားတို့ဟာ ဝန်ထမ်းလား၊ ကျွန်လားဆိုတာ ဆုံးဖြတ်ပါ။

**ကိုဉာဏ်လင်း**

နိုင်ငံရဲ့ ဒီမိုကရေစီဖြစ်စဉ်ကို ဦးတည်ပြီးလုပ်ပါ။ နိုင်ငံရေးအဖြေရှာရင်းနဲ့ပဲ ဒီကိုရောက်လာတယ်။ ဖမ်းတုန်း ကလဲ ညှော်စာရင်းစစ်မယ်ဆိုပြီးတော့ ဖမ်းလာတာ။ (၂၄) နာရီအတွင်း တရားရုံးမအပ်ဘူး၊ ရမန်လာပေးတော့ (၁) လ ပိုင်းမှ လာပေးတယ်၊ (၈) လပိုင်း (၂၇) ရက်မှ ရုံးတင်တယ်။ ဒါတွေဟာ ဥပဒေချိုးဖောက်တာတွေဖြစ်ပါတယ်။ ဥပဒေ ကိုအမျိုးမျိုးချိုးဖောက်ခံရပြီးမှ ရုံးကိုရောက်လာတယ်။ တရားစီရင်ရေးအခြေခံမူမှာ ပြည်သူရှေ့မှောက်တရားစီရင်ရေး ဆိုတာရှိတယ်။ အကြောက်တရားနဲ့လုပ်ရင် တိုင်းပြည်တစ်ခုဟာ ပြဿနာပဲ ဒီမိုကရေစီ အထိုင်က စဉ်းစားပါ။ ဒီမို ကရေစီသွားမဲ့ အခင်းအကျဉ်းတွေလိုတယ်။

**ရှေ့နေဦးခင်မောင်ရှိန်**

တစ်ဖက်က ဥပဒေအရာရှိက ဥပဒေတွေကိုးကားပြီး ပြောသွားပါတယ်။ ပုဒ်မ (၃၅၂) မှာ ဆိုထားတာက မည်သည့်တရားခွင်မဆို အများပြည်သူသိသာသမျှ လူသိရှင်ကြားတရားခွင် ဖြစ်ရမယ်လို့ပါရှိတယ်။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၂ (င)မှာ အများပြည်သူရှေ့တရားစီရင်ရေးကို ဖော်ပြထားပါတယ်။ တရားစီရင်ရေးဆိုင်ရာ မှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေက မလွှမ်းမိုးပါဘူး။ သုံးသပ်ပြီးမှ အမိန့်ချပေးစေလိုပါတယ်။

**ကိုကိုကြီး**

ပထမဆုံးရုံးချိန်းတုန်းက ညှော်တွေ့ကိစ္စအတည်ပြုပြီး။ ညှော်တွေ့ကို စနေ၊ တနင်္ဂနွေခွင့်ပြုပြန်တယ်။ ဒီအမှုတွေ ထူးခြားတာက ဘာထူးခြားတာလဲ။ ဥပဒေအရာကန့်သတ်ပေးဖို့ ထူးခြားမှုဘာရှိတယ်ဆိုတာပြောပြပါ။ (ဤနေရာ တွင်တရားသူကြီးက အမိန့်ချရန်ပြင်ဆင်သည်။)

**တရားသူကြီး ဦးသိန်းညွန့်**

ဒါဆိုအမိန့်ချမယ်။

**လူငယ်ရှေ့နေသန်းဇော်အောင်**

အမိန့်မချပါနဲ့ဦး တရားသူကြီးမင်း။ ကျွန်တော် လျှောက်တင်စရာရှိပါသေးတယ်။ ကျွန်တော်ဟာ ကိုဒွေးကြွယ်၊ ကိုလှမျိုးနောင်၊ ကိုအောင်သူတို့အတွက် ကိုယ်စားလှယ်လွှဲစာရရှိထားတဲ့ အထက်တန်းရှေ့နေ သန်းဇော်အောင်ပါ။ ဥပဒေအရာရှိတင်ပြသွားတဲ့ အချက်နဲ့ပတ်သက်ပြီးတော့ ---------------

(ဤနေရာတွင် လျှောက်လဲချက်ကို အရှိန်ရပ်သွားစေရန် ရည်ရွယ်လျက်)

**တရားသူကြီး**

မောင့်ရင့်နာမည်ပြောပြပါဦး။

**လူငယ်ရှေ့နေသန်းဇော်အောင်**

ကျွန်တော့်နာမည် သန်းဇော်အောင်ပါ။ ဒုတိယအကြိမ်ထပ်ပြောခြင်းဖြစ်ပါတယ်၊ ကျွန်တော့နာမည်ဟာ ကိုယ်စားလှယ်လွှဲစာမှာလဲပါပါတယ်။ အထက်တန်းရှေ့နေလိုင်စင် (၂၃၈၀၁) ပါ။ ဒီအမှုမှာ ထူးခြားတယ်လို့ တစ်ဖက်ကဥပဒေအရာရှိကဆိုတယ်။ ဘာကိုထူးခြားတာလဲ၊ ဒီလိုအမှုမျိုးတွေဟာ သာမန်အပြင်တရားရုံးတွေမှာလဲ စစ်နေလေ့ရှိတဲ့အမှုဖြစ်ပါတယ်။ နောက်ပြီး (၆၊ ၁၀၊ ၂၀၀၈) နေ့က ဦးအောင်တိုးကိုယ်တိုင်လက်မှတ်ထိုးပြီး ထုတ်ပြန်ထားတဲ့ တရားသူကြီးများ အဂတိတရား (၄) ပါးကင်းရှင်းဖို့ ညွှန်ကြားလွှာ အပိုဒ် (၈) မှာ ကိုယ်ချင်းစာတရားဖြင့် စဉ်းစားကြရန်ဆိုတဲ့ အချက်ပါပါတယ်။ တရားသူကြီးမင်းတို့ သိရှိပြီးဖြစ်မှာပါ။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းအပိုဒ် (၁၀) မှာလဲ လူအများရှေ့မှောက်တရားစီရင်ရမယ်လို့ ပါရှိပါတယ်။ ဒါကြောင့် စဉ်းစားချင့်ချိန်ပြီး အမိန့်ချပေးပါလို့ လျှောက်ထားအပ်ပါတယ်။

**မသင်းသင်းအေး**

ဒီရုံးဟာ နဂိုအမှုဟောင်းကိုပဲ နံပါတ်ပြောင်းပြီး စစ်ရတာဖြစ်တယ်။ ဒီရုံးကပဲ အမိန့်တစ်ရပ်လဲ ချမှတ်ခဲ့ပြီးဖြစ်တယ်။ ထပ်ချစရာမလိုတော့ဘူးလို့ထင်ပါတယ်။

**ကိုမင်းကိုနိုင်**

ဒါဆိုလျှင် တရားသူကြီးမင်းက မှောက်ချင်မှောက်လှန်ချင်လှန်လုပ်မယ်လို့ ထင်ရတယ်။ လာထဲက တရားရုံးကို လာတယ်လို့မထင်ဘူး။ အဓိကရုဏ်းနှိမ်နင်းရေးတပ်တွေက မဲနေတာပဲ။ စစ်မြေပြင်ကိုလာရသလိုပဲ။ ခြိမ်းခြောက်မှုတွေများနေတဲ့အထဲက တမျိုးပြီးတမျိုးပြောနေတယ်။ တစ်ဘက်က ဥပဒေအရာရှိဘာကြောင့်တက်ကြွနေရတာလဲ။ စစ်ခွေးလို့ရေးထားတယ်။ အဲဒီအခန်းထဲမှာ တိုက်ပုံအမဲနဲ့လူတစ်ယောက်က ရမန်ပေးတယ်။ ဒီလိုအလံချိတ်၊ ခေါင်းပေါင်းစွပ်ပြီးတော့ စစ်ခုံရုံးနဲ့ချခဲ့တယ်။ အခုတော့ အလံတွေ၊ ခေါင်းပေါင်းတွေနဲ့ မိန်မိန့်ကြီးထိုင်နေပြီးမှ အသွင်အားဖြင့် ခြိမ်းခြောက်နေတယ်။ တရားရုံးတော်နောက်ကွယ်မှာ အမိန့်ပေးမှုတွေရှိနေတယ်။

**ကိုအောင်သူ**

တိုင်းပြည်ကသားဖွားမလား၊ သားလျှောမလားဖြစ်နေတဲ့အချိန်မှာ မူဘောင်နဲ့ သွေဖီနေတယ်လို့ထင်တယ်။ ဒီ constitution ကိုပြန်စဉ်းစားပါ။ constitution အရ နိုင်ငံတော်က အကာအကွယ်ယူထားတယ်။ နိုင်ငံသားတွေရဲ့ အကာအကွယ်မရသေးဘူး။ တရားရုံးရဲ့ တရားကိုယ်က တရားရုံးဟုတ်ရဲ့လား။ တရားရုံးတွေယာယီရပ်ဆိုင်းသင့်ပြီ။ ဒီလိုအတင်းဆက်လုပ်မယ်ဆိုရင် ပြန်စဉ်းစားပါ။ ကြားထဲမှာ resistor ခံချင်တယ်။ နိုင်ငံရေးသမားနဲ့

နိုင်ငံတော်တရားခွင်ကို အခင်းအကျင်းတစ်ခုအနေနဲ့ အသုံးပြုကြတာပါ။ ကျွန်တော်တို့ကလဲ အမျိုးသားပြန်လည်သင့်မြတ်ရေး စင်မြင့်အနေနဲ့ အသုံးချတာ။ အမိန့်ကို ဆိုင်းငံ့၊ စဉ်းစားပြီးမှ ချမှတ်ပေးပါလို့တောင်းဆိုချင်ပါတယ်။

### ကိုလှမျိုးနောင်

စစ်ပွဲတစ်ပွဲ စပြီဆိုတာနဲ့ ပထမဆုံးကျဆုံးသွားတာက အမှန်တရားပါ။ မူလအနှစ်သာရတွေလွဲစောင်းနေပြီ၊ လူဦးရေသန်း (၁၃၀၀)ရှိတဲ့ တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်ကို Newsweek ကသတင်းထောက်က နိုင်ငံရေးပြုပြင်မှုမလုပ်ဘူးလားတဲ့၊ ဒီတော့ ဒီမိုကရေစီကိုသွားမယ်ဆိုရင်–

လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲ၊ မျှတတဲ့တရားစီရင်ရေး၊ ပြည်သူလူထုလိုလားတဲ့ အစိုးရရှိဖို့လိုပါတယ်တဲ့၊ ပေမီဒေါက်မီ တရားစီရင်ရေးဖြစ်ဖို့လိုပါတယ်တဲ့၊ ပေမီဒေါက်မီ တရားစီရင်ရေးရှိတာနဲ့ပဲ ပြီးသွားတော့မှာလား။ တည်ဆဲဥပဒေတွေကို တရားစီရင်ရေးစနစ်နဲ့ စီရင်လိုက်တာနဲ့ ပြီးသွားမှာပဲ။ ဒီမှာရှိတဲ့ကျောင်းသားတွေဟာ ထောင်ထဲမှာ (၁၅) နှစ်ကျော်နေခဲ့ရတယ်။ သူတို့တွေကြုံတွေ့တဲ့ ရာဇဝတ်သားတွေဟာ တရားသူကြီးတို့တွေ့ခဲ့ဖူးတဲ့ တရားခံတွေထက်တော့မနည်းပါဘူး။ တည်ဆဲဥပဒေ၊ ပေမီဒေါက်မီတရားစီရင်ရေးရရှိရုံနဲ့ မလုံလောက်ဘူး၊ နိုင်ငံတနိုင်ငံရဲ့ လူ့သိက္ခာကို ကျင့်ဆောင်တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်းတရပ်မပေါ်ပေါက်လာပါဘူး။ social capital တွေကို မရရှိပဲ ဂုဏ်သရေရှိတိုင်းပြည်မဖြစ်လာနိုင်ဘူး။ ကျနော်တို့ တရားသူကြီးတွေ နှစ်ဖက်အကျိုးဆောင်တွေကို လုံခြုံရေးတွေကြောင့် Social capital ပျောက်နေတယ်။ နဂိုက ကောင်းသလိုရှိခဲ့ရာက အခုမှပဲ ပုံပျက်ပန်းပျက်ဖြစ်တော့တယ်၊ ၁၉၈၈ ဩဂုတ်လကစပြီး ရက်ပေါင်း ၄၀ ကျော်ကြာတဲ့ ဆူပူအုံကြွမှုကြီးမှာ emotion ရှေ့တန်းတင်တဲ့သူ တချို့ကလွဲရင် တတိုင်းပြည်လုံး ဘာအကြမ်းဖက်မှုမှမရှိခဲ့ဘူး။ ဒါကို ကြည့်ပြီးပြည်သူတွေဟာ ဒီမိုကရေစီနဲ့ ထိုက်တန်နေပါတယ်။ တာဝန်မဲ့ပြီး လက်လွတ်စပယ် ပစ်သွားတဲ့ မဆလ ကြောင့်သာဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်ရောက်မှ ကျင့်ဝတ်တွေပျောက်နေတယ်။ ရုံးရှေ့ကျောင်းသားတွေဟာ ၈၈ ပြီးတဲ့နောက်ပိုင်းမှာ ရွေးကောက်ပွဲမကြုံခဲ့ရဘူး။ ထောင်ထဲရောက်နေကြတယ်။ ၂၀၀၅ ပြန်လွတ်လာတဲ့နောက်ပိုင်းမှာ ဘာတွေလုပ်ပြန်ပြီးဆိုပြီး ထမင်းစားတာရယ်၊ အိပ်တာရယ်ကလွဲရင် ကျန်တာလုပ်ဆောင်မှုမှန်သမျှ ပုဒ်မတပ်ခံရတယ်။ ထောင်ကပြန်လွတ်လာတဲ့နောက်ပိုင်း ငါတို့ပြည်သူတွေ ဘာမှမထူးခြားဘူး။ အစိုးရနဲ့ အတိုက်အခံ သဘောထားကွဲလွဲတဲ့ကြားမှာ ငါတို့ပေးဆပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ့ဆုံဆွေးနွေးရေး အလံထူဖို့ကြိုးစားခဲ့ကြတယ်။ ဒီမိုကရေစီထွန်းကားဖို့ ဦးတည်ခဲ့တယ်။ ဒီနေ့ဦးတည်သွားနေတဲ့အတိုင်း လွတ်လပ်တဲ့ တရားစီရင်ရေးဖြစ်ဖို့လိုပါတယ်။ စွပ်စွဲတာက နိုင်ငံတော်။ သတ္တိရှိတယ်ဆို လူထုရှေ့ တရားစီရင်ပါ။ မိသားစုတွေ့ဆုံခွင့်နဲ့ပဲ ရပ်ထားခဲ့တယ်။ Judicial Transparency ပေးပါ။ မပေးရဲလျှင် ကြေငြာထားပါ။ ဒါမှမဟုတ်ရင် ဆက်မစစ်ပါနဲ့။

### ကိုသက်ဇော်

ဝိဝါဒတွေ ကွဲပြားစရာရှိတဲ့ တရားရုံးက ချိုးဖောက်နေတယ်ဆိုတာ ဖြစ်အောင် တရားရေး အရခြုံပြီး မစဉ်းစားပါနဲ့။ ထောင်ထဲမှာ မနေနိုင်လို့ပြောတာမဟုတ်ပါဘူး။ ဂုဏ်သိက္ခာရှိရှိဆောင်ရွက်ပါ။ ဥပဒေလုပ်ထုံးတွေကို မျှမျှတတ ထင်သာမြင်သာလုပ်ပါ။ ကြိုက်သလို လုပ်လို့ရပါတယ်။ အမျိုးသားဂုဏ်သိက္ခာအတွက်လုပ်ပါ။

### ကိုကိုကြီး

အခွင့်အရေးပေးပါလို့ အသနားခံနေတာမဟုတ်ပါဘူး။ တရားရုံးကို ဒီပုံစံနဲ့ မျက်နှာချင်းမဆိုင်ချင်ပါဘူး။ ကျနော်တို့သဘောထားကွဲလွဲလို့ ဒီကိုရောက်လာတာ။ ဒီထက်အဆင့်မြင့်သူတွေနဲ့ ဆွေးနွေးဖို့စီစဉ်ထားတာ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကာလ ဖြစ်ပါတယ်။ ၂၀၀၅ ခု ပြန်လွတ်လာတဲ့အခါမှာ အမျိုးသားထောက်လှမ်းရေးရဲ့ မလျော်မကန်ဆောင်ရွက်မှုတွေကို သုံးသပ်ပြီး ပြန်လွှတ်ပေးခဲ့တယ်လို့ ကြေညာခဲ့တယ်။ ဒီစာတစ်ကြောင်းထဲနဲ့ လူတစ်ယောက်ရဲ့ဘဝကို ထောင်ထဲမှာ ၁၆ နှစ် ပိတ်ထားပြီးမှ ချေလိုက်တာလား။ ကျနော်တို့ပြန်လွတ်တော့ သတင်းဌာနတွေက မေးတယ်။ ထောင်ထဲမှာနေခဲ့ရပုံတွေအကြောင်းတွေကိုပေါ့။ အမျိုးသားပြန်လည်သင့်မြတ်ရေး ရှေ့တန်းတင်ပြီး ဘာမှမပြောခဲ့ဘူး။ အမြည်းတခု ပြောပြမယ်။ ဒိုင်နာကားတွေနဲ့ အပြည့်ချောဆွဲပြီး ခေါ်လာတဲ့ ကြံ့ဖွံ့၊ စွမ်းအားရှင်တွေက ရာဇဝတ်သားတွေလို ကားပေါ်ဆွဲတင်ခဲ့တယ်။ ကျနော်တို့ ရာဇဝတ်သားတွေမဟုတ်ဘူး။ ကိုယ့်အယူအဆကို ပြောတာ။ ဦးဇော်မင်းအောင်(တရားလိုဒုရဲမှူးကြီး)ကိုယ်တိုင် တရားစွဲခဲ့သလား။ တည်ဆဲဥပဒေတွေကို လက်နက်အားကိုးပြုပြီး ဖြတ်ချခဲ့တာ။ ဥပဒေချိုးဖောက်တာ ဟုတ်မဟုတ်ပြောပါ။ ဥပဒေကြောင်းအရ ပြောစရာတွေ

အများကြီးပါ။ နိုင်ငံရေးထိပ်တိုက်ပြစ်မှုတွေမေ့ထားပြီး အယူအဆကို ထုတ်ပြန်ကြေငြာတာ ပုံနှိပ် ၁၇(၂၀)၊ ၁၉၆၂ တစ်ပါတီအာဏာရှင်စနစ်က ထုတ်ပြန်တဲ့ဥပဒေ။ ကျနော်တို့က လက်ရှိဒီမိုကရေစီကို သွားတဲ့သူတွေ ကျနော်တို့က ဘဝတစ်ခုလုံးကို ထောင်အုတ်ရိုးထဲမှာ မြှုပ်ထားတာ။ နိုင်ငံသားတွေ နိုင်ငံတကာအလယ်မှာ မျက်နှာမငယ်ရဖို့ လူ့အဖွဲ့အစည်းဘာဖြစ်နေလဲ။ ခုပန်ကာတွေနဲ့။ အလံတွေနဲ့၊ အခမ်းအနားရုပ်ဝတ္တုနဲ့ လိုက်ပါရဲ့လား။ Any condition we are welcome.

ကိုအောင်သူ

၂၀၀၈ ဖွဲ့စည်းပုံပုဒ်မ ၄၄၆ တည်ဆဲဥပဒေတွေကို မဖျက်သိမ်းခင် အတည်ဖြစ်တယ်လို့ပါရှိတယ်။ လောကပါလတရားထွန်းကားရေးအတွက် အခြေခံဥပဒေနဲ့ဆန့်ကျင်နေတာ တရားလို ရှေ့နေထောက်ပြတဲ့ကိစ္စပဲ။ ဝိရောဓိဖြစ်နေတဲ့အချိန်မှာ လွှတ်ဖို့ပြောနေတာမဟုတ်ဘူး။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ပါ။

ရှေ့နေဦးအောင်သိန်း

ကျနော်တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းပါ။ လိုင်စင်နံပါတ် (      )ပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေက တရားစီရင်ရေးမှုကို မလွှမ်းမိုးပါဘူး၊ တရားစီရင်ရေးမှုကို ကျော်ခိုင်းပြီးတော့ ကျင့်ထုံးကို ထောက်ပြတာဟာ အခြေအနေနဲ့အချိန်အခါကို မျက်ကွယ်ပြုနေတာပဲ။

ရှေ့နေ ဒေါ်ခင်ဌေးကြွယ်

၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးကို ဆန့်ကျင်ရာရောက်ပါတယ်။ ဥပဒေအရ တားမြစ်ထားတဲ့အမှုဆိုတာ ကာမသောင်းကျန်းတဲ့အမှုမျိုးမှာပဲဖြစ်ပါတယ်။

တရားသူကြီး

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၃၅၂ ခြွင်းချက်အရ လုံခြုံရေးတာဝန်ရှိသူများ၊ တရားလိုရှေ့နေ၊ တရားခံရှေ့နေမှအပ ပြင်ပလူများ ဝင်ရောက်မှုမရှိစေရန် အမိန့်ချသည်။ (အသံတိုးညှင်စွာဖြင့် ပြောသည်။)

ကိုကိုကြီး

သံသယအကျိုးကို စွပ်စွဲခံရသူတွေ ခံစားခွင့်ရှိတယ်။ အခုဟာက တရားလိုက မိသားစုညှော့တွေကို ခွင့်ပြုထားပါတယ်ဆိုပြီးပြောတယ်။ ၅၊ ၉၊ ၀၈ မှာအမိန့်တခုချခဲ့တယ်။ တရားခံများနှင့် ပတ်သက်သူများရှိနေကြောင်း၊ ဝင်ခွင့်ပေးထားကြောင်း အမိန့်ချထားတာရှိတယ်။

တရားသူကြီး

အရင်ကတဦးထိုင်၊ အခု နှစ်ဦးထိုင်ဖို့လိုပါတယ်။

ကိုမြအေး

နိုင်ငံတော်က တရားရေးဆိုင်ရာစာရွက်ဟာ လမ်းဘေးက ကြုံတဲ့သူကကြုံသလို အမိန့်ချသွားတာမှမဟုတ်တာ။ အဲ့ဒီလိုအမိန့်ချပြီးကာမှ (က)ကို (ယ)မလုပ်ပါနဲ့။ ငါတို့တရားစီရင်ရေးဟာ မှတ်ကျောက်တင်နိုင်တယ်ဆိုရင် ပြည်သူ့ရှေ့မှောက်တရားစီရင်ပေးဖို့ အာဏာပိုင်အဖွဲ့အစည်းအသီးသီးကို ကျနော်တောင်းဆိုပါတယ်။

ဥပဒေအရာရှိ

နိုင်ငံတော်ရဲ့ တရားစီရင်ရေးကို ထိခိုက်တဲ့အပြင် ပုဂ္ဂိုလ်ရေးကိုပါ ထိခိုက်အောင်ပြောဆိုတဲ့အတွက် တရားခံများရဲ့ပြောဆိုချက်တွေဟာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ ကို ကျူးလွန်ရာရောက်ပါတယ်။ ဒါကြောင့် အရေးယူပေးဖို့ လျှောက်ထားပါတယ်။

**ကိုမျိုးအောင်နိုင်**

တရားခံလို့ ပြောဆိုသုံးနှုန်းတာ ကန့်ကွက်ပါတယ်။

**ဥပဒေအရာရှိ**

တရားခံဆိုတာ တရားကို ခံယူရတဲ့သူဖြစ်လို့ တရားခံလို့ခေါ်ဝေါ်တာဖြစ်ပါတယ်။

**ကိုဌေးကြွယ်**

ပုဒ်ထိီး၊ ပုဒ်မတွေရွတ်ပြီး ထောင်ချမယ်ဆို အလီသာရွတ်လိုက်ပါ။ ပြီးခဲ့တဲ့ ၁၇ နှစ်က ဒီရုံးကို ရောက်ဖူးတယ် ယူနီဖေါင်းဝတ် ၃ ယောက်ရှိတယ်။ မရမ်းကုန်းတရားသူကြီး အခုရုံးပုံစံအတိုင်းပဲ အမိန့်ချခဲ့တယ်။ အုပ်ချုပ်ရေးအာဏာပိုင်တွေကျင့်သုံးတဲ့ ဥပဒေဟာ တရားဥပဒေမဟုတ်ဘူး။ မတရားဥပဒေဘဲဖြစ်တယ်။ လက်ထိပ်ကိစ္စ၊ open court ကိစ္စ ပြောတာ လက်မခံခဲ့ဘူး။ မတရားဘဲ တဖက်သတ်စီရင်မယ်ဆို ပူးပေါင်းဆောင်ရွက်စရာမရှိပါဘူး။

**ကိုမျိုးအောင်နိုင်**

နေ့ခင်းကြောင်တောင် နိုင်ငံရေးပြန်ပေးဆွဲမှု ဖြစ်နေပါပြီ။ (ထိုအချိန်တွင် တရားသူကြီးမှ ၂၇၊ ၁၀၊ ၀၈ သို့ ရုံးချိန်းပေးပြီး တရားခွင်မှ ထသွားသည်၊) နှစ်ပွင့်နှင့် ရဲတယောက်က ဦးဆောင်ပြီး “ထထ ဆွဲကြ” ဆိုကာ ဦးဆောင်လာသည်။ ကျောင်းသားများအား ထိုင်ခုံတွင် ပြန်ထိုင်နေကြရန် ပြောဆိုသည်။ ရဲများက အကြမ်းဖက်ကြမည့်အသွင်ရှိသည်။

**၂၇၊ ၁၀၊ ၀၈ နေ့ (မြောက်ပိုင်းခရိုင်တရားရုံး၊ အီလက်ထရောနစ် ပုဒ်မ ၃၃(က))**

**ဥပဒေအရာရှိ**

မင်းကိုနိုင်၊ ကိုကိုကြီး၊ လှမျိုးနောင်၊ ဌေးကြွယ်၊ မြအေး၊ ပြုံးချို၊ အောင်သူ၊ မျိုးအောင်နိုင်၊ ဉာဏ်လင်းတို့အား ပြစ်မှုပုဒ်မ ၂၂၈ အရ အရေးယူရန် သီးခြားခွဲစွဲဆိုရန်နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ အမှုရုပ်သိမ်းရန် လျှောက်သည်။ တရားလို ဒုရဲမှူးကြီး ဇော်မင်းအောင်းကို ဆက်စစ်သည်။ ၂၉၊ ၁၀၊ ၀၈ သို့ ရုံးချိန်းသည်။

**၂၉၊ ၁၀၊ ၀၈ နေ့**

မြောက်ပိုင်းခရိုင်တရားရုံး၊ အီလက်ထရောနစ်ပုဒ်မ ၃၃(က)၊ နံနက် ၁၁ နာရီခန့်တွင် တရားခွင်သို့ရောက်သည်။ ကျောင်းသားများ ရုံးမထုတ်သေးပါ။ ခေါင်းပေါင်းနှင့်စာအုပ်များ ရှေ့နေစားပွဲတွင်ထားကာ ရုံးအပြင်ခဏ ထွက်သည်။ ပြန်လာချိန်တွင် စာအုပ်နှင့် ခေါင်းပေါင်းအိတ်များ အပြင်ထုတ်ထားသည်။ အမှုစစ်စရာရှိလို့ ခဏထုတ်ထားတာ၊ ရှေ့နေတွေဝင်လို့မရဘူးဟု ရဲမှူးတယောက်ကပြောသည်။ ကိုမင်းကိုနိုင်ပါ ၉ ဦး ရုံးထုတ်လာသည်။ တိုင်းတရားသူကြီး ဦးဝင်းမြင့်နှင့် ဥပဒေအရာရှိ ၂ ယောက်လာသည်။ အဝေးကသာမြင်ရပြီး ဘာမှ မကြားရပါ။ ခဏကြာ ပြန်ထွက်သွားသည်။ ကျောင်းသား ၉ ယောက်ကို ပြန်ခေါ်သွားသည်။ နေ့လည် ၁း၀၀ အချိန်တွင် ကိုဂျင်မီပါ ၁၄ ဦးကို ရုံးထုတ်လာသည်။ ကိုဂျင်မီနှင့် ကျန်ကျောင်းသားများက ရှေ့နေပါဝါ များ ပြန်ရုပ်သိမ်းကြသည်။

**၃၀၊ ၁၀၊ ၀၈ နေ့ (မြောက်ပိုင်းခရိုင်တရားရုံး အီလက်ထရောနစ်ပုဒ်မ ၃၃(က))**

ကိုမင်းကိုနိုင်ပါ ၂၃ ဦးရုံးထုတ်သည်။ ကိုမင်းကိုနိုင်နှင့် ၉ ဦးက ထောင်ကျဝတ်စုံအပြာများနှင့်ဖြစ်သည်။ ကိုမင်းကိုနိုင်က “မနေ့က တိုင်းတရားသူကြီး ဦးဝင်းမြင့်လာတယ်၊ အပြစ်ရှိလား မရှိလားမေးတယ်၊ ကျွန်တော်တို့က ဘာမှပြန်မပြောတော့ (၃)ခါမေးပြီး ဆိတ်ငြိမ်ခြင်းဟာ ဝန်ခံခြင်းဘဲဆိုပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ အရ ထောင် ၆လ ချလိုက်တယ်” လို့ပြောပါသည်။

**၃၁၊ ၁၀၊ ၀၈ နေ့**

ကိုမင်းကိုနိုင်ပါ ၉ ဦးကို မအူပင်ထောင်သို့ နံနက် ၆း၀၀ နှင့် ၇း၀၀ ကြားတွင် ပြောင်းရွှေ့သွားသည်။

ပြည်တွင်းမှ ပေးပို့ ရရှိသည့် မူရင်း အတိုင်းကို မြန်မာနိုင်ငံရှေ့နေများကောင်စီ က ပြန်လည်ဖြန့် ဝေပါသည်။